မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

နေ့စဉ်ဈေးကွက်သတင်းလွှာ

June 25 , 2026 | Volume 103 , Number 19


၂၅.၆.၂၀၂၆

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၃၈၇၇၀ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၁၉.၉၃ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၇၇၀.၃၂ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၅၀.၁၆ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၈.၉၁ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၂.၂၄ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၃၆.၃၈ကျပ် |
| မလေးရှားရင်းဂစ် | = ၅၁၀.၀၈ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၂၉၉ ကျပ် |


CONTACT US

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


## ကမ္ဘာ့ MSME နေ့ကို နေပြည်တော်၌ (၂)ရက်တာ ကျင်းပသွားမည်




AI ခေတ်အတွင်း မျိုးဆက်သစ်စီးပွားရေးလုပ်ငန်းရှင်များ၏ အခန်းကဏ္ဍကို အဓိကထားသည့် ကမ္ဘာ့ MSME နေ့ကို နေပြည်တော်၌ နှစ်ရက်ကြာ ကျင်းပသွားမည်ဖြစ်ကြောင်း ယနေ့(ဇွန်လ ၂၅ရက်)နေ့ထုတ် နိုင်ငံပိုင်သတင်းစာတွင် ကြေညာထားသည်။

ကမ္ဘာတစ်ဝန်း၌ အလုပ်အကိုင်ဖန်တီးခြင်း၊ ဆင်းရဲနွမ်းပါးမှု လျှော့ချခြင်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေခြင်းတို့၌ အဓိကမောင်းနှင်အားဖြစ်သော MSME များ၏ အရေးပါမှုကို အသိအမှတ်ပြုရန်အတွက် ကုလသမဂ္ဂအထွေထွေညီလာခံ၏ ဆုံးဖြတ်ချက်အရ (ဇွန် ၂၇ ရက်) ကို "ကမ္ဘာ့ MSME နေ့" အဖြစ် (၂၀၁၇) ခုနှစ်မှ စတင်ကာ နှစ်စဉ်ကျင်းပခဲ့ကြကြောင်း သိရသည်။

လာမည့် (ဇွန် ၂၇ ရက်) တွင် ကျရောက်မည့် (၁၀) ကြိမ်မြောက် အခမ်းအနားကို"The Future Generation of MSMEs" (အနာဂတ်မျိုးဆက်သစ် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ) ဆိုသည့်ဆောင်ပုဒ်ဖြင့် ကျင်းပသွားမည်ဖြစ်ပြီး နည်းပညာတစ်ဟုန်ထိုး တိုးတက်လာသည့်ခေတ်တွင် ရေရှည်တည်တံ့ပြီး လူသား ဗဟိုပြုသော စီးပွားရေးပုံစံသစ်သို့ ကူးပြောင်းခြင်းဖြစ်ပြီး လက်ရှိနည်းပညာနှင့် ဉာဏ်ရည်တု (AI) ခေတ်အတွင်း မျိုးဆက်သစ်စီးပွားရေးလုပ်ငန်းရှင်များ၏ အခန်းကဏ္ဍကို အဓိက ဦးတည်ထားရှိကြောင်း သိရသည်။

စက်မှုနှင့်အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနအနေဖြင့် "ကမ္ဘာ့ MSME နေ့ (World MSME Day) အခမ်း

အနား" ကို MSME လုပ်ငန်းများသည် ကမ္ဘာတစ်ဝန်းလုံးတွင် အလုပ်အကိုင်ကောင်းမွန်စွာ ဖန်တီးပေးနိုင်သည့် အဓိက အရင်းအမြစ်ဖြစ်ပြီး ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအတွက် အရေးပါသောအခန်းကဏ္ဍတွင်ရှိနေစေရန် ရည်ရွယ်၍ ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

ထို့ပြင် လူငယ်များနှင့် လုပ်ငန်းရှင်များ၏ တီထွင်ဆန်းသစ်မှုနှင့်ဖန်တီးမှုကို ဖော်ထုတ်ပေးနိုင်ခြင်း၊ စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုနှင့် ဈေးကွက်ချဲ့ထွင်မှုကို အသေးစားလုပ်ငန်းများမှတစ်ဆင့် ဒေသတွင်းနှင့် နိုင်ငံတကာဈေးကွက်များအထိ တိုးတက်ကြီးထွားလာစေရန်နှင့် သဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေဘဲ ရေရှည်တည်တံ့နိုင်သော စီးပွားရေးအလေ့အကျင့် ကောင်းများနှင့် တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှု မူဝါဒများကို ကမ္ဘာ့လုပ်ငန်းရှင်များအကြား ပျံ့နှံ့သွားစေရန်လည်း ပါဝင်ကြောင်း သိရသည်။

ကမ္ဘာလုံးဆိုင်ရာ ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးရေးရည်မှန်းချက်များ (SDGs) အောင်မြင်စေရန်အတွက် MSME လုပ်ငန်းများ၏ အရေးပါပုံကို ပြည်သူတစ်ရပ်လုံး ပိုမိုသိရှိနားလည်လာစေရန်ဟူ၍လည်း ရည်ရွယ်ချက်များဖြင့် ကျင်းပ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် ကမ္ဘာ့ MSME နေ့ (World MSME Day) အခမ်းအနားကို လာမည့် ဇွန် (၂၇) ရက်မှ (၂၈) ရက်အထိ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန (၁) (MICC – 1) ၌ ကျင်းပသွားမည်ဖြစ်ပြီး ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ MSME အေဂျင်စီများ၏ MSME ဖွံ့ဖြိုးရေးဆိုင်ရာပြခန်းများ၊ စကားဝိုင်း ဆွေးနွေးပွဲများ၊ အသိပညာပေးဆွေးနွေးပွဲများ ပါဝင်မည်ဖြစ်ရာ ပြည်သူများ ပါဝင်ဆင်နွှဲနိုင်ကြောင်း သိရသည်။

**Source:** https://www.npnewsmm.com/

## ပြည်ပအလုပ်အကိုင် အေဂျင်စီကြေးများ ထပ်မံတိုးမြှင့်ကောက်ခံရန် အစီအစဉ်မရှိဟု ဝန်ကြီးဌာနပြော

ပြည်ပအလုပ်အကိုင် အေဂျင်စီကြေးများ ထပ်မံတိုးမြှင့်ကောက်ခံရန် အစီအစဉ်မရှိသေးကြောင်း အလုပ်သမား ဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်လွင်က NP News သို့ ပြောသည်။




လက်ရှိတွင် ပြည်ပအလုပ်အကိုင်အေဂျင်စီများ၏ လိုင်စင်ကြေးကို ငွေကျပ်သိန်း(၂၅၀) သတ်မှတ်ထားပြီး ထိုင်းလိုင်စင်အတွက် သိန်း(၃၅၀)သတ် မှတ်ထားရာ လက်ရှိတွင်လည်း ထပ်မံ တိုးမြှင့်ကောက်ခံရန်အတွက် သတင်းများထွက်ပေါ် လျက်ရှိသော် လည်း တပ်မံတိုးမြှင့်ကောက်ခံရန် အစီအစဉ်မရှိကြောင်းသိရသည်။

" ကောလာဟလတွေပါ မဟုတ်ပါဘူး။ ဘာမှ ပြောင်းဖို့မစဉ်းစားရသေးပါဘူး။ လောလော ဆယ် ကျွန်တော်တို့ အဲဒီဘက်ကို မစဉ်းစားရသေးပါဘူး" ဟု ဦးကျော်ကျော်လွင်ကပြောသည်။ လက်ရှိ သတ်မှတ်ထားသည့်နှုန်းထားများသည် ပြီးခဲ့သည့် ဒုတိယ အကြိမ် အမျိုးသားလွှတ်တော် အစည်းအဝေးဆုံးဖြတ်ချက်များအရ အတည်ပြုခဲ့သည့် ပမာဏဖြစ်ကြောင်းလည်း သိရသည်။

ပြည်တွင်း၌ ပြည်ပအလုပ်အကိုင်ဝန်ဆောင်မှုပေးနေသည့် အေဂျင်စီအရေအတွက်(၆၀၀) ကျော်ရှိနေပြီး တရားမဝင် ဆောင်ရွက်နေသည့်ပွဲစားများကြောင့် အလိမ်ခံရသည့်ဖြစ်စဉ်များလည်းရှိနေရာ အေဂျင်စီကြေးများ ထပ်မံတိုးမြှင့်ပါက အေဂျင်စီလုပ်ငန်းအစား ပွဲစားအဖြစ်ပြောင်းလဲသွားနိုင်သူများ ရှိကြောင်းလည်း သိရသည်။

"ပြီးခဲ့တဲ့ (၂၀၂၀) ရွေးကောက်ပွဲမတိုင်ခင် အဲဒီအစိုးရလက်ထက်မှာ အေဂျင်စီတွေကို လိုင်စင်ကြေးတိုးဖို့အတွက် အမျိုးသားလွှတ်တော်ကနေပြီးတော့ သိန်း (၅၀၀) သတ်မှတ်ထားတယ်။ အဲဒီ သိန်း (၅၀၀) အတည်ပြုထားတာကို အသနားခံစာ တင်ပြထားတော့ ဆိုင်းငံ့လုပ်ပေးထားတာပေါ့။ ကိုဗစ်ကာလမှာ သိန်း (၂၅၀) တိုးလိုက်တာပေါ့။ တိုးလိုက်တော့လည်း အားလုံး သွင်းကြတာပေါ့။ တကယ်လို့ အခုတိုးမယ်ဆိုလည်း သိန်း (၅၀၀)လောက်အထိတော့ တိုးလို့ရတာပေါ့နော်။ မတိုးသေးဘဲ ဆိုင်းငံ့ထား တာပေါ့နော်။ ဒါကတော့ တရားဝင် အတည်ပြုထားတာပေါ့။ အဲဒီလိုမဟုတ်ဘဲ သိန်း (၃၀၀၀)၊ သိန်း (၅၀၀၀)ဆိုရင် ထပ်ပြီးအတည်ပြုရမှာပေါ့နော်။ ဒါကတော့ ကျွန်တော်တို့ နားလည်တဲ့ပုံစံပေါ့နော်။ အဲဒီလိုမဟုတ်ဘဲ ဌာနက ကိုယ်တိုင် ဆုံးဖြတ်ပြီး တိုးမယ်ဆိုရင်တော့မသိဘူး"ဟု အေဂျင်စီလုပ်ငန်း လုပ်ကိုင်သူတစ်ဦးက NP News သို့ပြောသည်။

ထိုသို့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အစည်းအဝေးဆုံးဖြတ်ချက်များအရ အေဂျင်စီလိုင်စင်ကြေးများ တိုးမြှင့် ကောက်ခံခဲ့သော်လည်း ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီအချို့က ဘာသာစကားသင်တန်းကျောင်းများနှင့်ပေါင်း၍ တာချီလိတ်မှတစ်ဆင့် ဂျပန်သို့ပို့ဆောင်ပေးမည်ဟုဆိုကာ အတုအယောင်အင်တာဗျူးများပြုလုပ်ပြီး ထိုင်းနိုင်ငံသို့ လိမ်လည် ပို့ဆောင်ခဲ့သည့်ဖြစ်စဉ်ကြောင့် နစ်နာခဲ့ရသည့် ရာနှင့်ချီသောလုပ်သားများအတွက် မည်သည့်ပံ့ပိုးမှုမှမရရှိခဲ့ကြောင်းလည်း သိရသည်။

"တကယ်တမ်းကတော့ Deposit တွေ တိုးပေမယ့်အေဂျင်စီကြောင့် နစ်နာတဲ့ကလေးတွေကိုလည်း ဘာမှမလုပ်ပေး ဘူးလေ။ ဆုလာဘ်မြင့်မို ကိစ္စမှာဆိုရင်လည်း (၁၈)ယောက်အဖွဲ့က လူကုန်တားကို တိုင်တဲ့အခါမှာ ဆုလာဘ်မြင့်မိုအဖွဲ့က မိတဲ့ လူတွေတော့ရှိတာပေါ့။ ကျန်တဲ့နစ်နာသွား တဲ့ကလေးတွေကလည်း ဒီအတိုင်းပဲ။ တိုင်တဲ့လူက ငွေပြန်ရလား ဆိုတော့လည်း ဒီအတိုင်းပဲ။ လိမ်ခံရတဲ့ကလေးတွေက Passport တွေလည်း အသိမ်းခံခဲ့ရတော့ သတင်းစာတွေမှာ ပျောက်ဆုံးကြော်ငြာတာ တွေ၊ ရဲစခန်းထောက်ခံစာတွေ ပြန်လုပ်ရတာတွေနဲ့ ကုန်ကျစရိတ်ကရှိတာပဲ။ ဝန်ကြီးဌာနဖြစ်ဖြစ် နိုင်ငံတော်ကဖြစ်ဖြစ် ပံ့ပိုးတာဘာမှမရှိဘူး။ လိုင်စင်ကြေးတိုးလို့ ဘာလုပ်ပေးမယ်ဆိုတာတော့ မသေချာဘူး။ သေချာတာကတော့ အေဂျင်စီတွေက လုပ်နိုင်တဲ့လူကျန်ခဲ့မယ်။ မလုပ်နိုင်တဲ့လူက ပွဲစားပြန်ဖြစ်သွားမှာပေါ့။ အခုဆိုလည်း ပြီးခဲ့တဲ့နှစ်က ချမှတ်လိုက်တဲ့ SOP ကြောင့် တရားဝင်အေဂျင်စီတွေက လုပ်သားမစေ လွှတ်ရဘဲ တာချီလိတ်က တရားမဝင်ပို့တဲ့ ပွဲစားတွေပဲ ကောင်းစားသွားတာ။ သူဌေး တွေဖြစ်ကုန်တာ" ဟု အထက်ပါ အေဂျင်စီလုပ်ငန်း လုပ်ကိုင်သူတစ်ဦးက ပြောသည်။

လက်ရှိတွင် ပြည်ပသို့လုပ်သားစေလွှတ်မှုများနှင့်ပတ်သက်၍ အလုပ်သမားဝန်ကြီးဌာနအနေဖြင့် SOP များချမှတ်၍ လုပ်သားအရေအတွက်များ သတ်မှတ်ထားရာ တရားဝင် သွားရောက်အလုပ်လုပ်ကိုင်သူများရှိသကဲ့သို့ တာချီလိတ်မှတစ်ဆင့် သွားရောက်အလုပ်လုပ်ကိုင်မှုများရှိနေကြောင်းလည်း သိရသည်။

"ဂျပန်ဘက်ကစာရင်းတွေအရ ဂျပန်ရောက်တဲ့မြန်မာက တစ်သိန်းရှစ်သောင်းကျော်ရှိသွားပြီ။ (၂၀၂၅) တစ်နှစ်တည်းကိုပဲ လေးသောင်းရှစ်ထောင်ကျော် မြန်မာနိုင်ငံက အသစ်ဝင်လာတယ်ပေါ့နော်။ ဘယ်လိုနည်းနဲ့ဝင်လာလဲဆိုတာတော့မသိဘူး။ အဲဒီနှစ်အတွင်း တရားဝင်စေလွှတ်တာတော့ ထောင်ဂဏန်းပဲရှိတာပေါ့။ အဲဒီတော့ လိုင်စင်ကြေးတိုးတာက အဓိကကျလား။ ဒါမှမဟုတ် စနစ်တကျလွှတ်ခွင့်ပေးတာမျိုးကို ပိုခွင့်ပြုပေးမလားဆိုတာ ပိုအရေးကြီးတာပေါ့" ဟု ၎င်းကပြောသည်။

**Source:** https://www.npnewsmm.com/

## ပခုက္ကူကြက်သွန်နီဇွန်လ (တတိယပတ်)တွင် ဈေးနှုန်းအနည်းငယ်တက်

မကွေးတိုင်းဒေသကြီး၊ပခုက္ကူခရိုင် ကြက်သွန်နီ စိုက်ပျိုးရာဒေသများဖြစ်သော ပေါက်၊ ဆိပ်ဖြူ၊ ကမ္မ၊ ရေပြာတို့မှ ဆောင်းစိုက် (ပင်စိုက်) ကြက်သွန်နီများကို စိုက်ပျိုးထုတ်လုပ်လျက်ရှိပါသည်။ ပခုက္ကူကြက်သွန်နီကုန်စည်ဒိုင်သို့ ပခုက္ကူမြို့နယ် အတွင်းရှိ ကျွန်းနယ်များ သာမက ရေနံချောင်း၊ မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်အတွင်းရှိ ကျေးရွာများနှင့် စစ်ကိုင်းတိုင်း ဒေသကြီး၊ ပုလဲနယ်မှလည်း ဥပုသ်နေ့မှလွဲ၍ဝင်ရောက် အရောင်းအဝယ်ဖြစ်လျက်ရှိပါသည်။ ပခုက္ကူကြက်သွန်နီ ဈေးကွက်



အနေဖြင့် ယခုတစ်ပတ်တွင် ဈေးနှုန်းအနည်းငယ်တက်လျက်ရှိပြီး တစ်ရက်လျှင် ပျမ်းမျှကုန်ချိန်(၃၅၀၀၀)ခန့် အရောင်းအဝယ် ဖြစ်ကြောင်း သိရှိရသည်။

ယခု ၂၀၂၆ခုနှစ်၊ ဇွန်လ(တတိယပတ်)တွင် ကုန်စည်ဒိုင်၌ အရောင်းအဝယ်ဖြစ်နေသော ကြက်သွန်နီဈေးနှုန်းမှာ တစ်ပိဿာလျှင် ထိပ်စ ကျပ် (၃၂၅၀) ၊ အလတ် ကျပ် (၂၈၀၀)၊ အ နိမ့်စ ကျပ်(၂၁၀၀) ဖြစ်ပြီး ယခင်မေလ(တတိယပတ်) တွင် အရောင်းအဝယ်ဖြစ်ခဲ့သော ဈေးနှုန်းမှာ ထိပ်စ တစ်ပိဿာလျှင် ကျပ် (၂၈၀၀) အလတ် ကျပ် (၂၃၀၀)၊ နိမ့်စကျပ်(၁၈၀၀)ဖြစ်၍ ဈေးနှုန်းနှိုင်းယှဉ်ပါက တစ်ပိဿာလျှင် ကျပ် (၅၀၀)ခန့် ဈေးတက်နေပြီး အရောင်းအဝယ်ဖြစ်ကြောင်း၊ တင်ပို့မှုအနေဖြင့် ရန်ကုန်၊ ဟသ်ာတနှင့်မြဝတီမြို့များသို့ နေစဉ်တင်ပို့နေပြီး ပိဿာချိန် (၃၀)ဝင်အိတ် (၁၀၀၀ မှ ၂၀၀၀ ထိ)တင် ပို့ နေကြောင်း ကုန်သည်များထံမှ သိရသည်။

ပခုက္ကူမြို့မစည်ပင်ဈေးနှင့် အမှတ်(၂) ရောင်းချနေသော ကြက်သွန်နီလက်လီဈေးမှာ တစ်ပိဿာလျှင် အမြင့်ဈေး ကျပ်(၃၅၀၀) မှ အနိမ့်ဈေး ကျပ်(၃၀၀၀)ထိ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရှိရပါသည်။

**Source: https://www.doca.gov.mm/**

## ဈေးကွက်အတွင်းရောင်းချနေသည့် မျှစ်ဈေးကွက်



ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်အတွင်းရှိ ဒေသတစ်ဝိုက်နှင့် ရွှေတောင်မြို့နယ်ဒေသအတွင်းရှိ တောင်ခြေများနှင့်နီးသော ကျေးလက်ဒေသများတွင် ဝါးရုံတောများတွင် မျှစ်များကို အများအပြား ချိုးယူရရှိနိုင်သည်။ မျှစ်များလှိုင်လှိုင်ထွက်ပေါ်သော မိုးဦးကျရာသီဖြစ်သည့် ဇွန်၊ ဇူလိုင်လများသည် မျှစ်အပေါ်ဆုံး ထွက်ရှိသောလများ ဖြစ်သည်။

မျှစ်သည် ဝါးပင်ငယ်ရက်သတ္တပတ် နှစ်ပတ်အရွယ် မတိုင်ခင် အမြင့်တစ်ပေမပြည့်ခင်အချိန်တွင် ခူးဆွတ်ရသည့် ဝါးပင်ရဲ့ အသားတက်လေးများဖြစ်သည်။ မျှစ်ရဲ့အရသာမှာ ခပ်ကြွပ်ကြွပ် လေးဖြစ်သည်။ မျှစ်များကိုချိုးယူပြီး ချက်ချင်းစားသုံးနိုင်သလို တာရှည်ခံအောင် မျှစ်ချဉ်ပြုလုပ်ပြီးလည်း စားသုံးနိုင်ပါသည်။ မျှစ်များကို ချိုးယူလာပြီး အစိမ်းအတိုင်းရှိနေသည့် မျှစ်များကို ရေပွက်ပွက်ဆူတွင် ထည့်ပြုတ်ပြီး မျှစ်အစိမ်းရောင်မှ အနီရောင်ဖြစ်လာပြီး နူးအိနေသည့်အချိန်တွင် သယ်ယူပြီး စားသောက်ရသည်။

မျှစ်များ ဝယ်ယူစားသောက်ရာတွင် လတ်ဆတ်နူးညံ့သည့် မျှစ်များကိုသာ ဝယ်ယူစားသုံးသင့်ပြီး အညိုပုတ်ရောင်များ ပြောင်းသွားသည့်အခါ စားသောက်ရန် မသင့်တော်တော့ပါ။ မျှစ်များကို စားသောက်ရာတွင် တစ်နှစ်ပတ်လုံး စားသုံးရန်အတွက် မျှစ်ခြောက်၊ မျှစ်ချဉ်စသဖြင့် တာရှည်ခံအောင် ပြုလုပ်ထားပြီး စားသုံးကြသည်။ မျှစ်အမျိုးအစားများမှာ ဒေသအခေါ်အဝေါ် အလိုက် အမျိုးမျိုးခေါ်ဆိုကြသည်။ တောင်ပေါ်တောများမှ မျှစ်အမျိုးအစားများမှာ သိုက်မျှစ်၊ ကြသောင်းမျှစ်၊ မျှင်မျှစ်၊

ဝါးပြုမျှင်နှင့် ဝါးပိုးမျှင်တို့ဖြစ်သည်။ မျှစ်များအရွယ်ရောက်လာပြီးလျှင် ဝါးပင်အဖြစ်အသုံးပြုရာတွင် ဆောက်လုပ်ရေးလုပ်ငန်းတွင်လည်းကောင်း၊ ဇကော၊ ဇကာ၊ ခြင်းတောင်း၊ ပုတ်တောင်းနှင့်ဝါးခမောက်များတွင်လည်း အသုံးပြုရာတွင် အလွန်အသုံးဝင်လှပါသည်။မျှစ်ကိုကြော်စား၍လည်းကောင်း၊ အသားဟင်းနှင့်တွဲဖက်၍လည်းကောင်း၊ ငါးပိရည်တို့စရာအဖြစ်လည်းကောင်း စားသုံးကြပါသည်။ မျှစ်ကို စားသုံးပေးခြင်းဖြင့် ကိုယ်အလေးချိန်ကျစေခြင်း၊ နှလုံးကျန်းမာစေခြင်း၊ ကိုယ်ခံအားကောင်းစေခြင်း၊ ဝမ်းမှန်စေခြင်းဖြင့် ကျန်းမာရေးအတွက် အသုံးဝင်ပါ သည်။ ကျန်းမာရေးအတွက် ကောင်းမွန်စေသော်လည်း စားသုံးရာတွင် ကိုယ်ဝန်ဆောင်အမျိုးသမီးများ၊ နို့တိုက်မိခင်များအတွက် စားသုံးရန်မသင့်သည့်အတွက် စားသုံးရန် မသင့်တော်ပါ။ ယခုအချိန်တွင် မျှစ်များသည် ပေါ်စအချိန်ဖြစ်သည့်အတွက် မျှစ်ဈေးကွက်အတွင်း မျှစ်ပြုတ်ပြီးသား တစ်ပိဿာလျှင် ကျပ် ၁၀,၀၀၀ ဈေးနှုန်းဖြင့် လက်လီရောင်းချနေကြောင်း သိရသည်။

**Source:** https://www.doca.gov.mm/

## အိုမန်နိုင်ငံက ဟော်မုဇ်ရေလက်ကြားတွင် ယာယီရေကြောင်းစင်္ကြံတစ်ခု ဖွင့်လှစ်ခဲ့

အိုမန်နိုင်ငံသည် ဟော်မုဇ်ရေလက်ကြားမှ ဖြတ်သန်းလိုသည့် သင်္ဘောများအတွက် ယာယီရေကြောင်းစင်္ကြံတစ်ခုအား ဖွင့်လှစ်သွားမည်ဟုကြေညာခဲ့ပြီး၊ထိုသို့ရေကြောင်းလမ်းဖွင့်လှစ်ခြင်းမှာ အပြည်ပြည်ဆိုင်ရာ ရေကြောင်းသွားလာရေး အဖွဲ့ (International Maritime Organization-IMO)နှင့် အိုမန်အာဏာပိုင်များအကြား ညှိနှိုင်းဆောင်ရွက်ချက်တစ်ရပ် ဖြစ်ကြောင်း economymiddleeast.com ၏ ၂၄-၆-၂၀၂၆ ရက်စွဲဖြင့် သတင်းဖော်ပြချက်အရ သိရသည်။

အဆိုပါရေကြောင်းစင်္ကြံ၏ ကိုသြဒိနိတ်များအား IMO နှင့်အိုမန်အာဏာပိုင်တို့က ကြေညာပြီးပါက အသုံးပြုနိုင်မည်ဖြစ်သည်။ မဟာဗျူဟာမြောက်ရေလမ်းကြောင်းဖြစ်သည့် ဟော်မုဇ်ရေလက်ကြားမှ ရေကြောင်းဝန်ဆောင်မှုများ၊ ပေးဆောင်ရမည့် အခကြေးငွေများအပါအဝင် အနာဂတ်ဟော်မုဇ်ရေလက်ကြား၏ ရေကြောင်းစီမံခန့်ခွဲမှုနှင့်ပတ်သက်၍ အီရန်နှင့်အိုမန်တို့အကြား ဆွေးနွေးခဲ့ပြီးနောက် ယခုကဲ့သို့ရေကြောင်းစင်္ကြံကြေညာချက် ပေါ်ထွက်လာခြင်းဖြစ်သည်။

အီရန်နှင့်အိုမန်နိုင်ငံတို့ မတ်စကပ်မြို့၌ ဆွေးနွေးပြီးနောက် ပူးတွဲကြေညာချက်ထုတ်ပြန်ခဲ့ရာ ၎င်းတို့နှစ်နိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီးဌာနများပါဝင်သည့် ပူးတွဲလုပ်ငန်းအဖွဲ့တစ်ရပ်ဖွဲ့စည်း၍ ဆက်လက်ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ ဒေသတွင်းရှိ ကမ်းရိုးတန်းနိုင်ငံများ၊ အကျိုးသက်ဆိုင်သူ(Stakeholders)များနှင့်လည်း ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

အဆိုပါပူးတွဲကြေညာချက်တွင် အီရန်နှင့်အိုမန်နိုင်ငံတို့က ၎င်းတို့၏ သက်ဆိုင်ရာရေပိုင်နက်များအပေါ် အချုပ်အခြာအာဏာပိုင်ဆိုင်မှုအား အလေးထားဖော်ပြခဲ့ပြီး၊ အရေးပါသောဟော်မုဇ်ရေလက်ကြားမှတစ်ဆင့် အပြည်ပြည်ဆိုင်ရာ ဥပဒေနှင့်အညီ လွတ်လပ်စွာရေကြောင်းသွားလာမှု သေချာစေရေး ကတိကဝတ်များကိုလည်း ထပ်လောင်းအတည်ပြုခဲ့ကြကြောင်း သိရသည်။

အိုမန်နိုင်ငံ၏ ယာယီရေကြောင်းစင်္ကြံဖွင့်လှစ်မှု ကြေညာခဲ့ပြီးနောက် အပြည်ပြည်ဆိုင်ရာရေကြောင်းသွားလာရေးအဖွဲ့ (IMO)က ကြေညာချက်တစ်ရပ်ထုတ်ပြန်ခဲ့ရာ ဒေသတွင်း၌ ပိတ်မိနေသည့် သင်္ဘောသား ၁၁,၀၀၀ ကျော်အား ကယ်ထုတ်ရေး အစီအစဉ်ကို အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

**Source:** https://economymiddleeast.com/news/oman-opens-temporary-maritime-corridor-in-strait-of-hormuz/

**(ကျော်စိန်ဝင်း၊ စီးပွားရေးသံမှူး၊ အဘူဒါဘီမြို့)**

## ပဲပုပ်ဈေးနှုန်းမြင့်တက်မှုနှင့် မိုးနည်းမည့်ခန့်မှန်းချက်များကြောင့် အိန္ဒိယ၏ပဲပုပ်စိုက်ဧက တိုးတက်လာဖွယ်ရှိ

အိန္ဒိယနိုင်ငံတွင် ပဲပုပ်ဈေးနှုန်းများမှာ လေးနှစ်အတွင်း အမြင့်ဆုံးသို့ရောက်ရှိနေခြင်းနှင့် အယ်လ်နီညို(El Niño) ရာသီဥတုဖြစ်စဉ်ကြောင့် မိုးရွာသွန်းမှုမှာ ပုံမှန်ထက်လျော့နည်းနိုင်သည်ဟု ခန့်မှန်းထားချက်များကြောင့် တောင်သူများသည် ရေလိုအပ်ချက်များသော ကြံနှင့်ပြောင်းအစား ဆီထွက်သီးနှံများကို ပြောင်းလဲစိုက်ပျိုးကြမည်ဖြစ်ပြီး ယခုနှစ်တွင် ပဲပုပ်စိုက်ဧက ပိုမိုတိုးတက်လာမည်ဟုမျှော်လင့်ရကြောင်း တောင်သူများနှင့်စက်မှုလုပ်ငန်းရှင်များက Reuters သတင်းဌာနသို့ ပြောကြားခဲ့ပါသည်။

ပဲပုပ်သည် အိန္ဒိယနိုင်ငံ၏ အဓိကနွေရာသီစိုက်ဆီထွက်သီးနှံဖြစ်ပြီး ပဲပုပ်ထုတ်လုပ်မှုမြင့်တက်လာခြင်းသည် ကမ္ဘာ့စားသုံးဆီ အများဆုံးတင်သွင်းသည့် အိန္ဒိယနိုင်ငံအတွက် ပြည်ပမှ စားအုန်းဆီ၊ ပဲပုပ်ဆီနှင့်နေကြာဆီတင်သွင်းမှုကို လျှော့ချနိုင်ရန် အထောက်အကူဖြစ်စေမည်ဖြစ်ပါသည်။ ထို့ပြင် ပြည်တွင်းပဲပုပ်နှင့် ပဲဖတ်(Soymeal)ဈေးနှုန်းများကိုလည်း ကျဆင်းစေမည်ဖြစ်ရာ ပဲဖတ်ကို အဓိကအသုံးပြုနေသည့် အိန္ဒိယ၏ ကြက်ဘဲမွေးမြူရေးလုပ်ငန်းအတွက်လည်း အကျိုးရှိစေမည်ဖြစ်သည်။

၂၀၂၅ ခုနှစ်တွင် တောင်သူများသည် ပဲပုပ်အစား ပြောင်းကို ပြောင်းလဲစိုက်ပျိုးခဲ့ကြပါကြောင်း၊ သို့သော် ပဲပုပ်သည် ပြောင်းထက် ဝင်ငွေပိုကောင်းလာသည့်အတွက် ယခုရာသီတွင် ပဲပုပ်ကို ပြန်လည်ပြောင်းလဲစိုက်ပျိုးကြမည်ဟု မျှော်လင့်ရပါကြောင်း ပဲဖတ်ထုတ်လုပ်တင်ပို့သည့် Maharashtra Oil Extractions ကုမ္ပဏီ၏ မန်နေဂျင်းဒါရိုက်တာ Manoj Agrawal က ပြောကြားခဲ့သည်။

၂၀၂၆ ခုနှစ်၊ မေလတွင် ပဲပုပ်ဈေးနှုန်းမှာ ကီလိုဂရမ် ၁၀၀ လျှင် ရူပီး ၇,၅၈၇ အထိမြင့်တက်ခဲ့ပြီး ၎င်းသည် လေးနှစ်အတွင်း အမြင့်ဆုံးဖြစ်ကာ အစိုးရ၏အခြေခံဈေးနှုန်း ရူပီး ၅,၃၂၈ ထက် များစွာမြင့်မားနေချိန်တွင် ပြောင်းဈေးနှုန်းများမှာ အစိုးရသတ်မှတ်ထားသော အနိမ့်ဆုံးဈေး ရူပီး ၂,၄၀၀ အောက်တွင်သာ ရှိနေဆဲဖြစ်သည်။

အိန္ဒိယတောင်သူများသည် ၂၀၂၅ ခုနှစ်တွင် ပဲပုပ်ကို ဟက်တာ ၁၂ သန်းတွင်စိုက်ပျိုးခဲ့ပြီး ယခုနှစ်တွင် စိုက်ပျိုးဧရိယာ ၁၀ ရာခိုင်နှုန်းအထိတိုးတက်လာမည်ဟု လုပ်ငန်းရှင်များက ခန့်မှန်းထားကြသည်။

ယေဘုယျအားဖြင့် တောင်သူများသည် ပဲပုပ်နှင့် အခြားနွေရာသီသီးနှံများကို မိုးဦးကျချိန် ဇွန်လတွင် စတင်စိုက်ပျိုးလေ့ရှိသည်။ သို့သော် ယခုနှစ်တွင် အယ်လ်နီညိုဖြစ်စဉ်ကြောင့် မိုးရွာသွန်းမှုမှာ ၁၁ နှစ်အတွင်း အားအနည်းဆုံးဖြစ်နိုင်သည်ဟု ခန့်မှန်းထားသည်။

ယခုနှစ်တွင် မိုးနည်းမည့် ခန့်မှန်းချက်များကြောင့် ရေလိုအပ်ချက်နည်းသော ပဲပုပ်စိုက်ပျိုးရန် တောင်သူများ ပိုမိုစိတ်ဝင်စားလာကြခြင်းဖြစ်သည်။ မဟာရက်ရှထရာပြည်နယ်အနောက်ပိုင်း Solapur ဒေသမှ တောင်သူ Manoj Kale က ၎င်းတို့အနေဖြင့် အမြဲတမ်းကြံစိုက်ပျိုးပါကြောင်း၊ သို့သော် ယခုနှစ် မိုးနည်းမည်ဟု ခန့်မှန်းထားသည့်အတွက် ရေလိုအပ်ချက်နည်းသည့် ပဲပုပ်ကိုသာ စိုက်ပျိုးရန်စီစဉ်နေပါကြောင်း ပြောကြားခဲ့သည်။

ပဲပုပ်စိုက်ပျိုးဧရိယာတိုးတက်လာနိုင်သော်လည်း အထွက်နှုန်းကောင်း၊ မကောင်းမှာမူ မိုးရွာသွန်းမှုအပေါ်တွင်သာ မူတည်ကြောင်း အိန္ဒိယပဲပုပ်ပြုပြင်ထုတ်လုပ်သူများအသင်း(Soybean Processors Association–SOPA)၏အမှုဆောင်ဒါရိုက်တာ D.N. Pathak က ပြောကြားခဲ့သည်။

၂၀၂၅ ခုနှစ်တွင် ပဲပုပ်ထွက်ရှိမှုလျော့နည်းခဲ့ခြင်းကြောင့် အိန္ဒိယ၏ပဲပုပ်တင်သွင်းမှုမှာ ယခုနှစ်တွင် တန်ချိန် ၉၀၀,၀၀၀ အထိ စံချိန်တင်မြင့်တက်လာမည်ဟု မျှော်မှန်းထားသည်။ လွန်ခဲ့သည့်နှစ်များတွင် ပဲပုပ်ဆီတင်သွင်းမှုမြင့်တက်ခဲ့ပြီး ယခုပဲပုပ်ထုတ်လုပ်မှုတိုးတက်လာခြင်းသည် ပဲပုပ်ဆီတင်သွင်းမှုကို လျှော့ချနိုင်ရန်အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း မွန်ဘိုင်းအခြေစိုက်ကုန်သည်တစ်ဦးက ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံသည် စားအုန်းဆီကို အဓိကအားဖြင့် အင်ဒိုနီးရှားနှင့်မလေးရှားတို့မှတင်သွင်းပြီး ပဲပုပ်ဆီနှင့်နေကြာဆီကိုမူ အာဂျင်တီးနား၊ ဘရာဇီး၊ ရုရှားနှင့်ယူကရိန်းနိုင်ငံတို့မှ တင်သွင်းလျက်ရှိသည်။

**Source: Indian soybean acreage expected to rise on higher prices, weak monsoon outlook: The Economic Times: June 16, 2026.**

**(လွင်ကိုကိုမောင်၊ စီးပွားရေးသံမှူး၊ နယူးဒေလီမြို့)**

## STOCK EXCHANGE (25.6.2026)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 23rd Jun. 2026

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 32,583 (Shares) | 228,680,350 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 16,000 | -500 | -3.03% | 16,500 | 17,000 | 16,000 | 389 | 6,337,000 | 33,109,694 | 529,755 |
| MTSH | 00002 | 8,800 | -100 | -1.12% | 8,900 | 8,900 | 8,800 | 5,504 | 48,833,600 | 38,929,150 | 342,577 |
| MCB | 00003 | 12,500 | +0 | +0.00% | 12,500 | 12,500 | 12,500 | 0 | 0 | 10,400,986 | 130,012 |
| FPB | 00004 | 7,300 | -100 | -1.35% | 7,400 | 7,400 | 7,300 | 1,154 | 8,474,700 | 31,144,738 | 227,357 |
| TMH | 00005 | 3,600 | -50 | -1.37% | 3,600 | 3,600 | 3,600 | 460 | 1,656,000 | 12,823,224 | 46,164 |
| EFR | 00006 | 2,000 | +50 | +2.56% | 1,950 | 2,050 | 1,950 | 3,003 | 5,955,650 | 19,977,223 | 39,955 |
| AMATA | 00007 | 4,000 | +0 | +0.00% | 4,000 | 4,000 | 4,000 | 1,258 | 5,032,000 | 10,497,598 | 41,990 |
| MAEX | 00008 | 6,100 | +0 | +0.00% | 6,300 | 6,300 | 6,100 | 1,287 | 7,884,200 | 23,804,946 | 145,210 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 23rd Jun. 2026

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 792.37 | -12.23 | -1.52% | 807.11 | 814.77 | 792.37 | 13,055 | 84,173,150 | 8 | 1,503,020 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 23rd Jun, 2026

| Trading Volume | Trading Value |
|---|---|
| 32,717 (Shares) | 237,304,250 (MMK) |

## Main Board

As of 1:00 pm, 23rd Jun, 2026

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 32,583 (Shares) | 228,680,350 (MMK) |

| MYANPIX | 792.37 ▼ 12.23 |
|---|---|
| Total Volume (shares) | 13,055 |
| Total Value (MMK) | 84 mil |
| Listed Company | 8 |
| Market Cap. (MMK) | 1,503,020 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 16,000 | ▼ 500 |
| MTSH | 00002 | 8,800 | ▼ 100 |
| MCB | 00003 | 12,500 | ▲ 0 |
| FPB | 00004 | 7,300 | ▼ 100 |
| TMH | 00005 | 3,600 | ▼ 50 |
| EFR | 00006 | 2,000 | ▲ 50 |
| AMATA | 00007 | 4,000 | ▲ 0 |
| MAEX | 00008 | 6,100 | ▲ 0 |

TIR